# The Collapse of Aid: A Quantitative Analysis of the 2025 Humanitarian Funding Crisis in Myanmar

*An Analytical Brief By The Myanmar Conflict Analysis Research Institute (MCARI)*

**Date: October 2025**

# အနှစ်ချုပ် သုံးသပ်ချက်

မြန်မာနိုင်ငံအတွက် ရရှိထားသည့် ၂၀၂၅ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ အချက်အလက်များအရ နိုင်ငံတကာ အကူအညီများ ရပ်ဆိုင်းသွားမှုကြောင့် ပြင်းထန်သော အကျပ်အတည်းတရပ် ရင်ဆိုင်နေရသည်ကို အချက်အလက်များက ညွှန်နေသည်။ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ရန်ပုံငွေ လိုအပ်ချက် ကွာဟမှုသည် အမေရိကန်ဒေါ်လာ သန်း ၅၃၈ မှ သန်း ၆၈၂ ကျော်အထိ တိုးမြင့်လာခဲ့သည့်အတွက် လူသားချင်းစာနာမှု လိုအပ်ချက်နှင့် ရရှိနိုင်သော အရင်းအမြစ်များအကြား ကြီးမားသော ကွာဟမှုကြီးတခု ဖြစ်ပေါ်နေလျက်ရှိသည်။

ဤသို့ အကူအညီများ ကျဆင်းသွားမှုသည် ကဏ္ဍတိုင်းတွင် တပြေးညီ ဖြစ်ပွားနေခြင်းမဟုတ်ဘဲ၊ အသက်ကယ်ဆယ်ရေးအတွက် အရေးအကြီးဆုံးဖြစ်သော စားနပ်ရိက္ခာဖူလုံရေး (Food Security) နှင့် အမိုးအကာ (Shelter) ကဏ္ဍများတွင် အကူအညီများ ရရှိမှု လွန်စွာကျဆင်းသွားသည်ကို အချက်အလက်များအရ တွေ့ရှိရသည်။ ၎င်းသည် အဓိကကျသော လူသားချင်းစာနာမှုဆိုင်ရာ အကာအကွယ်ပေးရေး ယန္တရားကို လက်တွေ့တွင် မဟာဗျူဟာကျကျ ဖျက်သိမ်းလိုက်သကဲ့သို့ အကျိုးသက်ရောက်မှုများ ရှိလာစေသည်။

ယခုအနှစ်ချုပ်သုံးသပ်ချက်တွင် အဓိကဖော်ပြလိုသည်မှာ အကူအညီအထောက်အပံ့များ ပြိုလဲသွားမှုကြောင့် ထိခိုက်ခံစားရသော လူသားများအပေါ် သက်ရောက်မှုဖြစ်သည်။ လူဦးရေ ၁,၀၀၀,၀၀၀ ကျော်သည် မရှိမဖြစ်လိုအပ်သော စားနပ်ရိက္ခာ အထောက်အပံ့များကို ဖြတ်တောက်ခံခဲ့ရပြီး၊ ၃၀၀,၀၀၀ သည် NGO များမှ ပံ့ပိုးသော ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လွှတ်ခဲ့ရသည်။

ထို့အပြင် USAID ၏ အစီအစဉ်များ ၉၇.၅% ဖျက်သိမ်းခံရခြင်း သို့မဟုတ် ဖြတ်တောက်ခံရခြင်းက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်နိုင်စွမ်းကိုလည်း ဆိုးရွားစွာ ထိခိုက်စေခဲ့သည်။

ပထဝီဝင်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်များအရ စစ်ကိုင်းနှင့် ရခိုင်ကဲ့သို့သော အထိခိုက်အလွယ်ကူဆုံးဟု သတ်မှတ်ထားပြီးဖြစ်သည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးရန်ပုံငွေဖြတ်တောက်မှု၏ သက်ရောက်မှုသည် အပြင်းထန်ဆုံးဖြစ်နေသည်ကို ထပ်မံတွေ့ရှိရသည်။

အနှစ်ချုပ်ဖော်ပြရလျှင် ၂၀၂၅ ခုနှစ်၏ ရန်ပုံငွေအခြေအနေသည် နိုင်ငံတကာ အကာအကွယ်ပေးရေး ယန္တရား၏ နောက်ဆုတ်မှုတခုကို တိုင်းတာမြင်တွေ့နိုင်သည်အထိ ဖြစ်နေကာ၊ မြန်မာနိုင်ငံ၏ အထိခိုက်လွယ်ဆုံး ပြည်သူများအပေါ်တွင် ဆိုးရွားပြီး အတည်ပြုနိုင်သော အကျိုးဆက်များကို သက်ရောက်စေလျက်ရှိသည်။ ဤအကျပ်အတည်းသည် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာမှု ရန်ပုံငွေ ကျဆင်းခြင်း၏ ပြင်းထန်သော  ရိုက်ခတ်မှုတခုဖြစ်သော်လည်း၊ ယခုသုံးသပ်ချက်တွင် မြန်မာပြည်သူများအပေါ် တိုက်ရိုက်ကျရောက်နေသည့် အကျိုးဆက်များကိုသာ အဓိကထား တင်ပြသွားမည်ဖြစ်သည်။

---

## နောက်ခံအခြေအနေနှင့် သုတေသနနည်းစနစ်

ယခု ခွဲခြမ်းစိတ်ဖြာမှုအတွက် နိုင်ငံတကာ အကူအညီများ လျော့ကျသွားမှု၏ တိုက်ရိုက်သက်ရောက်မှုများကို အရေအတွက်အားဖြင့် တိုင်းတာနိုင်ရန်နှင့် ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ တိကျခိုင်မာမှုကို သေချာစေရန် (၂၀၂၄) ခုနှစ်ကို  အခြေခံနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး အကျပ်အတည်းနှစ် (၂၀၂၅) အကြား အတည်ပြုနိုင်သော အချက်အလက်များကို အသုံးပြုကာ နှိုင်းယှဉ်လေ့လာမှု မူဘောင်တခုပေါ်တွင် တည်ဆောက်ထားသည်။

အဓိက နည်းစနစ်ကို အောက်ပါ အချက်အလက် သုံးခုအပေါ်တွင် မူတည်ထားပါသည်-

က။ လူသားချင်းစာနာမှု ရန်ပုံငွေ အချက်အလက်: ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ် နှစ်ခုလုံးအတွက် လက်ခံရရှိသော ရန်ပုံငွေပမာဏနှင့် အလုံးစုံ လူသားချင်းစာနာမှု လိုအပ်ချက်များ အပါအဝင် ငွေကြေးဆိုင်ရာ ကိန်းဂဏန်းအားလုံးကို UN OCHA Financial Tracking Service (FTS) မှ တိုက်ရိုက်ရယူထားပါသည်။ FTS သည် တရားဝင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ စီးဆင်းမှုများကို သိရှိနိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုထားသော သိုမှီးရာနေရာဖြစ်ပြီး၊ ဤ report အတွက် အခြေခံကျသော အရေအတွက်ဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးပါသည်။

ခ။ လုပ်ငန်းအစီအစဉ်နှင့် လူသားများအပေါ် သက်ရောက်မှု အချက်အလက်: လူဦးရေ ၁ သန်းကျော် စားနပ်ရိက္ခာ အကူအညီမှ ဖြတ်တောက်ခံရခြင်းနှင့် USAID ၏ ၉၇.၅% အစီအစဉ်များ ဖျက်သိမ်းခံရခြင်းကဲ့သို့သော တိကျစွာ တိုင်းတာနိုင်သည့် လူသားများအပေါ် သက်ရောက်မှု ကိန်းဂဏန်းများကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၊ USAID နှင့် အခြားနိုင်ငံတကာ NGO များ၏ လူထုသို့ ထုတ်ပြန်ထားသော အစီရင်ခံစာများနှင့်

တရားဝင်ကြေညာချက်များမှ ရယူထားပါသည်။ ဤကိန်းဂဏန်းများကို ဘဏ္ဍာငွေ လိုငွေနှင့် လက်တွေ့မြေပြင်မှ အကျိုးဆက်များအကြား ဆက်စပ်ပေးသော အဓိကအချက်အလက်များအဖြစ် မှတ်ယူပါသည်။

၈။ လူသားချင်းစာနာမှု လိုအပ်ချက်နှင့် ထိခိုက်လွယ်မှု အချက်အလက်: ပထဝီဝင်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်ကို မြန်မာနိုင်ငံအတွက် UN OCHA ၏ လူသားချင်းစာနာမှု လိုအပ်ချက်များ ခြုံငုံသုံးသပ်ချက် (HNO) မှ အဓိကကိန်းဂဏန်းများကို အခြေခံထားပါသည်။

လိုအပ်ချက်ကို မြေပုံပေါ်တွင် ရိုးရှင်းစွာ ဖော်ပြခြင်းထက် ကျော်လွန်၍ ပြည်နယ်/တိုင်းဒေသကြီး တခုချင်းစီအတွက် သက်ရောက်မှု အညွှန်းကိန်း (Impact Score) တခုကို တည်ဆောက်ထားပါသည်။ ဤအညွှန်းကိန်းကို အကူအညီလိုအပ်နေသော ပြည်သူဦးရေ (People in Need - PiN) ကို ပဋိပက္ခပြင်းထန်မှု၊ နေရပ်စွန့်ခွာရမှုနှင့် အကူအညီရရှိရေး အခက်အခဲများအပေါ် အခြေခံ၍ လူသားချင်းစာနာမှုဆိုင်ရာ သုံးသပ်သူများက သတ်မှတ်ပေးသော ထိခိုက်လွယ်မှု အညွှန်းကိန်း (Vulnerability Score, ၁-၅ စကေး) ဖြင့် မြှောက်၍ တွက်ချက်ထားပါသည်။ ဤနည်းစနစ်သည် လိုအပ်ချက် မြင့်မားမှုနှင့် ထိခိုက်လွယ်မှုမြင့်မားခြင်းတို့ တထပ်တည်းကျရာ ဒေသများကို ဖော်ထုတ်နိုင်စေပြီး၊ အကူအညီဖြတ်တောက်မှု၏ အကျိုးဆက်များ အပြင်းထန်ဆုံးဖြစ်သည့် နေရာများကို တိကျစွာ ထောက်ပြနိုင်သောကြောင့် ပိုမိုပြည့်စုံသော သုံးသပ်ချက်တရပ်ကို ရရှိစေပါသည်။

---

## အဓိက တွေ့ရှိချက်များ

၁။ ဆိုးရွားလှသော ရန်ပုံငွေ ကွက်လပ်: လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ လိုအပ်ချက် ကွာဟမှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၃၈ ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်၏ ပထမ ဆယ်လအတွင်းမှာပင် ဒေါ်လာ သန်း ၆၈၂ ကျော်အထိ စံချိန်တင် တိုးမြင့်လာခဲ့သည်ကို အချက်အလက်များက ထောက်ပြနေသည်။

၂။ အဓိကကဏ္ဍများ၏ ပျက်စီးယိုယွင်းမှု: ရန်ပုံငွေဖြတ်တောက်မှုများသည် အသက်ကယ်ဆယ်ရေးအတွက် အရေးအကြီးဆုံး ကဏ္ဍများအပေါ်တွင် ပြင်းထန်စွာ သက်ရောက်နေသည်။ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက စားနပ်ရိက္ခာဖူလုံရေးနှင့် အမိုးအကာ အတွက် ရန်ပုံငွေများသည် လက်တွေ့တွင် လုံးဝနီးပါး လျော့ကျသွားသည်။ ၎င်းသည်

ထိခိုက်လွယ်သော ပြည်သူများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အရေးပါသော အမိကယန္တရားများကို ဖျက်ဆီးခံလိုက်ရသကဲ့သို့ ဖြစ်စေသည်။

၃။ သက်ရောက်မှုကို တိုက်ရိုက် ရင်ဆိုင်နေရသော လူသားများ၏ စာရင်း: ကူညီထောက်ပံ့ရေးရန်ပုံငွေများလျော့ကျသွားမှုသည် ပြည်သူများအတွက် ခက်ခဲသည့် ဒုက္ခအဖြစ်သို့ တိုက်ရိုက်အားဖြင့် ပြောင်းလဲသွားသည်။ ၎င်းသက်ရောက်မှုများထဲတွင် စားနပ်ရိက္ခာ အထောက်အပံ့မှ ဖြတ်တောက်ခံရသူဦးရေ ၁,၀၀၀,၀၀၀ နှင့် အထက်၊ ထိုင်းနယ်စပ်တွင် မရှိမဖြစ် ဝန်ဆောင်မှုများ ဆုံးရှုံးခဲ့ရသော ဒုက္ခသည်ဦးရေ ၁၀၀,၀၀၀ နှင့် အထက်အပြင် NGO များမှ ပံ့ပိုးသော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများကို ဆုံးရှုံးခဲ့ရသူ ၃၀၀,၀၀၀ လည်း ပါဝင်သည်။

၄။ ပထဝီဝင်ဆိုင်ရာ သက်ရောက်မှု: ပထဝီဝင်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်အရ ရန်ပုံငွေဖြတ်တောက်မှု၏ အကျိုးဆက်များသည် စစ်ကိုင်း (Impact Score: 13.4M) နှင့် ရခိုင် (Impact Score: 9.9M) ကဲ့သို့သော လိုအပ်ချက်လွန်ကဲမှုနှင့် ထိခိုက်လွယ်ခြင်း မြင့်မားမှုတို့ ဆုံစည်းရာဒေသများတွင် အပြင်းထန်ဆုံးဖြစ်နေကြောင်း တွေ့ရှိရသည်။

---

# ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်: အကျပ်အတည်း၏ အရင်းခံကို လေ့လာခြင်း

## ၁။ နိုင်ငံလုံးဆိုင်ရာအခြေအနေ- ဒေါ်လာ သန်း ၆၈၂ ကျော်တန်ဖိုးရှိ ရန်ပုံငွေ ကွက်လပ်

ဤခွဲခြမ်းစိတ်ဖြာချက်တွင် အားကောင်းလှသော တွေ့ရှိချက်မှာ အခြေခံနှစ် (၂၀၂၄) နှင့် အကျပ်အတည်းနှစ် (၂၀၂၅) အကြား အလွန်မြင့်မားသည့် ရန်ပုံငွေ ကွာခြားချက် ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ကူညီထောက်ပံ့ရေးအတွက် ရန်ပုံငွေ မလုံလောက်မှု ကြုံတွေ့ခဲ့ရပြီး ဖြစ်သော်လည်း၊ ၂၀၂၅ ခုနှစ်တွင်မူ ရန်ပုံငွေစီးဝင်မှု လမ်းကြောင်းတခုလုံးနီးပါး ပြိုလဲကျသွားသည်အထိ ကိုယ်စားပြုနေကြောင်း မြင်တွေ့ရသည်။ "ဒေါ်လာ သန်း ၆၈၂ ကျော် ရန်ပုံငွေ လိုငွေ" သည် ဤအကျပ်အတည်း၏ ငြင်းဆို၍မရသော အချက်အလက်ဖြစ်သည်။ ၎င်းသည် နိုင်ငံတကာ၏ ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များ နောက်ဆုတ်မှုအား အရေအတွက်အားဖြင့် တိုင်းတာနိုင်သော အတိုင်းအတာတခုလည်း ဖြစ်သည်။ ယခု "The Overall Funding Gap" ဇယားသည် လိုအပ်ချက်များ ကြီးမားနေဆဲဖြစ်သော်လည်း ဖြေရှင်းရန် အရင်းအမြစ်များ ပျောက်ဆုံးသွားပုံကို ပြသကာ ကျယ်ပြန့်လာသော ကွက်လပ်ကြီးတခုကို ပုံဖော်ပြသနေသည်။




| | State/Region | People_in_Need | Vulnerability_Score | Impact_Score |
|---|---|---|---|---|
| 1. | Sagaing | 2,691,283 | 5 | 13,456,415 |
| 2. | Rakhine | 1,980,696 | 5 | 9,903,480 |
| 3. | Yangon | 2,314,273 | 2 | 4,628,546 |
| 4. | Mandalay | 2,127,662 | 2 | 4,255,324 |
| 5. | Kachin | 984,641 | 4 | 3,938,564 |
| 6. | Shan (North) | 960,472 | 4 | 3,841,888 |
| 7. | Magway | 1,126,782 | 3 | 3,380,346 |
| 8. | Shan (South) | 1,048,524 | 3 | 3,145,572 |
| 9. | Kayin | 900,981 | 3 | 2,702,943 |
| 10. | Bago (East) | 1,197,783 | 2 | 2,395,566 |
| 11. | Bago (West) | 732,483 | 2 | 1,464,966 |
| 12. | Ayeyarwady | 1,433,221 | 1 | 1,433,221 |
| 13. | Tanintharyi | 626,518 | 2 | 1,253,036 |
| 14. | Mon | 588,938 | 2 | 1,177,876 |
| 15. | Chin | 282,195 | 4 | 1,128,780 |
| 16. | Shan (East) | 349,614 | 3 | 1,048,842 |
| 17. | Kayah | 246,332 | 4 | 985,328 |
| 18. | Nay Pyi Taw | 310,255 | 1 | 310,255 |

1 - 18 / 18

*- The Impact Score is a calculated risk index, not a population count. It combines the number of people in need (PiN) with the severity of their situation (Vulnerability Score).*
*- Its purpose is to identify where aid cuts will hurt the most. It reveals that regions like Sagaing and Rakhine, with extreme vulnerability, face a disproportionately severe crisis.*

## ၂။ ရန်ပုံငွေဖြတ်တောက်မှုများ၏ အရင်းခံသရုပ်ခွဲလေ့လာချက်- အသက်ကယ်ကဏ္ဍများ၏ ပျက်စီးယိုယွင်းမှု

ရန်ပုံငွေဖြတ်တောက်မှုများသည် ကဏ္ဍအားလုံးအပေါ်တွင် တူညီသည့် သက်ရောက်မှု ရှိမနေသည်ကို မြင်တွေ့ရသည်။




"Where the Cuts Hit Hardest" ဇယားက အကူအညီလျှော့ချမှုများသည် အရေးအကြီးဆုံး ဝန်ဆောင်မှုများအပေါ်တွင် ပိုမိုသက်ရောက်မှု ရှိနေသည်ကို ခိုင်မာစွာ ဖော်ပြပေးနေပါသည်။ ၂၀၂၄ နှင့် ၂၀၂၅ အကြား စားနပ်ရိက္ခာဖူလုံရေးနှင့်

အမိုးအကာအတွက် ရန်ပုံငွေများ လုံးဝနီးပါး ပျောက်ကွယ်သွားခြင်းသည် ဤအကျပ်အတည်း၏ အဓိကကျသော အချက်ဖြစ်သည်။
စားနပ်ရိက္ခာဖူလုံရေးနှင့် အမိုးအကာဟူသော ကဏ္ဍများသည် နေရပ်စွန့်ခွာရသူများနှင့် ပဋိပက္ခဒဏ်သင့် ပြည်သူများ၏ အသက်ရှင်ရပ်တည်ရေးအတွက် အလွန်အရေးပါသော ကဏ္ဍများ ဖြစ်သည်။
ယခု မြင်တွေ့ရသော အချက်အလက်များက စစ်ဘေးဒဏ်သင့် နေရပ်စွန့်ခွာ ပြည်သူများအတွက် အဓိက လိုအပ်ချက်များသည် စနစ်တကျ ဖျက်သိမ်းခံနေရကြောင်းကို သက်သေပြနေပါသည်။ ထို့အတူပင် ကာကွယ်စောင့်ရှောက်ရေး (Protection) နှင့် WASH ကဏ္ဍများတွင်လည်း ကူညီထောက်ပံ့ရေး ရန်ပုံငွေ ရရှိမှုများ သိသာစွာ လျော့ကျမှုက ဤပြည်သူများအတွက် ထိခိုက်လွယ်မှုကို ပိုမိုဆိုးရွားစေပါသည်။

---

## ၃။ လူသားများ၏ စာရင်း- ငွေကြေးကိန်းဂဏန်းမှ လူ့အသက်သို့ ပြောင်းလဲခြင်း

ယခုလေ့လာတွေ့ရှိရသော အကျပ်အတည်းကို ငွေကြေးဆိုင်ရာကိန်းဂဏန်းဖြင့်မဟုတ်ဘဲ လူ့အသက်များဖြင့် တိုင်းတာထားပါသည်။ ကျွန်ုပ်တို့ အသုံးပြုထားသော ယခုအချက်အလက်များသည် ရန်ပုံငွေဇယားများနှင့် မြေပြင်မှ လက်တွေ့အခြေအနေများအကြား တိုက်ရိုက်ဆက်စပ်မှုကို ပေးပါသည်။ လူဦးရေ တသန်းကျော် WFP ၏ စားနပ်ရိက္ခာ အထောက်အပံ့မှ ဖြတ်တောက်ခံခဲ့ရခြင်းသည် အထက်တွင် အသေးစိတ်ဖော်ပြခဲ့သော ကဏ္ဍအလိုက် ပြိုလဲကျမှု၏ တိုက်ရိုက်နှင့် ကြိုတင်ခန့်မှန်းနိုင်သော အကျိုးဆက်တခုဖြစ်သည်။




ထို့အတူ လူဦးရေ ၃၀၀,၀၀၀ အတွက် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ ဆုံးရှုံးခြင်းနှင့် ဒုက္ခသည် ၁၀၀,၀၀၀ အတွက် အကူအညီများ ပြတ်တောက်ခြင်းသည်လည်း ရန်ပုံငွေရရှိမှု ရပ်တန့်သွားခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်တခု ဖြစ်သည်။ ဤ scorecards များသည် ၂၀၂၅ ခုနှစ် ရန်ပုံငွေဖြတ်တောက်မှုများ၏ လူသားများဆိုင်ရာ စာရင်းကို

ကိုယ်စားပြုပြီး၊ အကူအညီများ နောက်ဆုတ်သွားခြင်းကြောင့် ဖြစ်ပေါ်လာသော ဒုက္ခများ၏ အတည်ပြုနိုင်သော မှတ်တမ်းတခု ဖြစ်သည်။

---

## ၄။ ဗဟိုချက်မနေရာ- စုစည်းနေသော သက်ရောက်မှု၏ ပထဝီဝင်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်

သက်ရောက်မှု အညွှန်းကိန်း (Impact Score) ကို အသုံးပြုထားသော "Geographic Vulnerability" မြေပုံသည် ကျွန်ုပ်တို့၏ ခွဲခြမ်းစိတ်ဖြာချက်အတွက် အရေးပါသော နောက်ဆုံးအလွှာကို ပံ့ပိုးပေးပါသည်။ ၎င်းသည် ဤရန်ပုံငွေအကျပ်အတည်း ဖြစ်ပေါ်နေသည့် မူလအခြေခံ လိုအပ်ချက်များ၏ မြင်ကွင်းကို သရုပ်ဖော်ထားသည်။ ပြင်းထန်သည့် သက်ရောက်မှုကို လွန်ကဲစွာ ကြုံတွေ့နေရသော ဧရိယာများဖြစ်သည့် စစ်ကိုင်း၊ ရခိုင်နှင့် ကချင်တို့သည် အကူအညီလိုအပ်နေသူများ အများဆုံးရှိသည့် ဒေသများ ဖြစ်ရုံသာမက၊ ထိခိုက်လွယ်ခြင်း မြင့်မားမှုနှင့် လိုအပ်ချက်မြင့်မားမှုတို့ ဆုံစည်းရာ နေရာများဖြစ်သည်။ ယခု မြေပုံပေါ်တွင် သက်ရောက်မှု အညွှန်းကိန်း အမြင့်ဆုံးရှိသော ဒေသများသည် ယခုအခါတွင် အကူအညီများပါ ဖြတ်တောက်ခံရခြင်း၏ အပြင်းထန်ဆုံး အကျိုးဆက်များကို ရင်ဆိုင်နေရသော ဒေသများဖြစ်နေသည်ကို မြင်တွေ့နိုင်သည်။




ဤခွဲခြမ်းစိတ်ဖြာချက်က အကူအညီအထောက်အပံ့ရန်ပုံငွေ ရပ်ဆိုင်းသွားမှုသည် လေဟာနယ်ထဲတွင် ဖြစ်ပွားနေခြင်းမဟုတ်ဘဲ၊ မူလကတည်းက ထိခိုက်လွယ်နေသူများ၏ အလိုအပ်ဆုံးအချိန်တွင် စွန့်ပစ်ခံနေရသည်ကို သက်သေပြနေသည်။

---

## နောက်ဆက်တွဲ- သက်ရောက်မှု အညွှန်းကိန်းဇယား

ဤအစီရင်ခံစာပါ ကောက်ချက်များသည် သဘောတရားသက်သက်မဟုတ်ဘဲ၊ အောက်တွင်ဖော်ပြထားသည့် အတည်ပြုစစ်ဆေးနိုင်သော အချက်အလက်များအပေါ် ခိုင်မာစွာ အခြေခံထားပါသည်။ ဤဇယားသည် ကျွန်ုပ်တို့၏ ခွဲခြမ်းစိတ်ဖြာမှုအတွက် အသေးစိတ်ကျသော

သက်သေအထောက်အထားအဖြစ် တည်ရှိပြီး၊ မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှု အကျပ်အတည်းသည် မည်သည့်နေရာများတွင် အပြင်းထန်ဆုံးဖြစ်နေသည်ကို ပြည်နယ်နှင့်တိုင်းအလိုက် မြင်တွေ့နိုင်သည့် စာရင်းချုပ်တခုလည်း ဖြစ်ပါသည်။

|  | State/Region | People_in_Need | Vulnerability... | Impact_S... ▾ |
|---|---|---|---|---|
| 1. | Sagaing | 2,691,283 | 5 | 13,456,415 |
| 2. | Rakhine | 1,980,696 | 5 | 9,903,480 |
| 3. | Yangon | 2,314,273 | 2 | 4,628,546 |
| 4. | Mandalay | 2,127,662 | 2 | 4,255,324 |
| 5. | Kachin | 984,641 | 4 | 3,938,564 |
| 6. | Shan (North) | 960,472 | 4 | 3,841,888 |
| 7. | Magway | 1,126,782 | 3 | 3,380,346 |
| 8. | Shan (South) | 1,048,524 | 3 | 3,145,572 |
| 9. | Kayin | 900,981 | 3 | 2,702,943 |
| 10. | Bago (East) | 1,197,783 | 2 | 2,395,566 |
| 11. | Bago (West) | 732,483 | 2 | 1,464,966 |
| 12. | Ayeyarwady | 1,433,221 | 1 | 1,433,221 |
| 13. | Tanintharyi | 626,518 | 2 | 1,253,036 |
| 14. | Mon | 588,938 | 2 | 1,177,876 |
| 15. | Chin | 282,195 | 4 | 1,128,780 |
| 16. | Shan (East) | 349,614 | 3 | 1,048,842 |
| 17. | Kayah | 246,332 | 4 | 985,328 |
| 18. | Nay Pyi Taw | 310,255 | 1 | 310,255 |

အကူအညီလိုအပ်သူဦးရေ (PiN) သည် အခက်အခဲများ၏ အတိုင်းအတာ (scale) ကို ဖော်ပြနေသော်လည်း၊ သက်ရောက်မှု အညွှန်းကိန်း (Impact Score) မှာမူ ပိုမိုနက်ရှိုင်းသော သုံးသပ်ချက်ကို ရရှိစေမည့် အဓိကသော့ချက် ဖြစ်ပါသည်။

အကူအညီလိုအပ်မှုများ ရှိနေသည့် လူဦးရေကို ၎င်းတို့ရင်ဆိုင်နေရသည့် အခြေအနေများ၏ ပြင်းထန်မှု (severity) ဖြင့် ချိန်ထိုးတွက်ချက်ခြင်းအားဖြင့် ယခုကဲ့သို့ ထိခိုက်မှုပြင်းထန်းသည့် အညွှန်းကိန်းတခုကို မြင်တွေ့နိုင်ပါသည်။ ၎င်းသည် အကူအညီများ မရရှိနိုင်တော့ခြင်း၏ဒဏ်ကို တနိုင်ငံလုံး တန်းတူခံစားရမည်မဟုတ်ဘဲ၊ အထိခိုက်လွယ်ပြီးဖြစ်သော ဒေသများတွင်သာ ဆိုးရွားပြင်းထန်သော ရိုက်ခတ်မှုတခု သက်ရောက်စေမည်ဖြစ်ကြောင်း သက်သေပြသည့် အဓိကတိုင်းတာမှု ဖြစ်ပါသည်။

---

## နိဂုံး- အကူအညီပေးရေးလုပ်ငန်းများ၏ နောက်ဆုတ်သွားမှုနှင့် မူဝါဒဆိုင်ရာ အကျိုးသက်ရောက်မှုများ

၂၀၂၅ ခုနှစ် ရန်ပုံငွေအကျပ်အတည်းသည် လူများ၏ နေရပ်စွန့်ခွာ သွားလာမှုထက် ပိုမိုသော အကျိုးဆက်ကို ဖြစ်ပေါ်စေသည်။ နိုင်ငံတကာ အသိုက်အဝန်းသည် မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှု အကျပ်အတည်းကို ကူညီနေသည့် ရှေ့တန်းနေရာမှ ဖယ်ခွာသွားခဲ့သည်။ "ရန်ပုံငွေကွာဟမှု" သည် ဘတ်ဂျက်အစည်းအဝေးများအတွက် သီအိုရီဆန်သော အယူအဆတခု မဟုတ်တော့ပါ- ၎င်းသည် အမိုးအကာများကို ဖျက်သိမ်းခြင်း၊ လူနာများ အားထားနေရသည့် ဆေးခန်းများကို ပိတ်ပစ်ခြင်းတို့ကို ဖြစ်ပေါ်စေသော အမှန်တရားတခု

ဖြစ်သည်။ "The Cost of Cuts" ၏ အဓိက ဖော်ပြလိုချက်မှာ နိုင်ငံတကာ ကတိကဝတ်တခု ချိုးဖောက်ခံရခြင်း၊ ၎င်း၏တန်ဖိုးကို မြန်မာနိုင်ငံ၏ အထိခိုက်လွယ်ဆုံး ပြည်သူများက ပေးဆပ်နေရခြင်းပင် ဖြစ်သည်။

မူဝါဒဆိုင်ရာ အကျိုးသက်ရောက်မှုများ: လက်ရှိ ရန်ပုံငွေလမ်းကြောင်းသည် လူသားချင်းစာနာမှုဆိုင်ရာ အကာအကွယ်ပေးရေး ယန္တရားတစ်ခုလုံး ပြိုလဲကျမှုသို့ ဦးတည်သွားမည်ဖြစ်ပြီး၊ ကြီးမားကျယ်ပြန့်သော အာဟာရချို့တဲ့မှု၊ ရောဂါဖြစ်ပွားမှုများနှင့် နောက်ထပ်အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရမှုများ ဖြစ်ပေါ်စေနိုင်သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ဒေါ်လာ သန်း ၆၈၂ ကျော် လိုငွေကို ပြဿနာကို မဖြေရှင်းနိုင်လျှင် ကြိုတင်ခန့်မှန်းနိုင်ပြီး ဆိုးရွားသော အကျိုးဆက်များရှိသည့် အခြေအနေဆိုးကို လျှင်မြန်စွာ ရောက်ရှိစေနိုင်ပါသည်။

---